ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ပျော့ကန်ကျေးရွာ၊ ပျော့ကန်အုပ်စု

၂၀၁၇ ခုနှစ် ညောင်ဦးမြို့

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စိမံကိန်း



ပျော့ကန်ကျေးရွာအုပ်စု

ပျော့ကန်ကျေးရွာ

(လူမှုရေး အကျိုး အမြတ်ပြမြေပုံ)



ပျော့ကန် အုပ်စုတွင် ပါဝင်သော ကျေးရွာများ

(၁) ပျော့ကန်

# "ပျော့ကန်ကျေးရွာသမိုင်း"

ပျော့ကန်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ၊ ညောင်ဦးမြို့နယ်အတွင်း၌ တည်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။ ရွာ၏တည်နေရာမှာ ညောင်ဦးမြို့၏အရှေ့ဘက် (၁၅)မိုင်ခန့်အကွာ ၊ ဇရာဝတီ တံတား ( ပခုက္ကူ )၏တောင်ဘက် (၂)မိုင်ခန့်အကွာတွင်တည်ရှိပြီး တောင်ဘက် (၄)မိုင်ခန့်အကွာတွင် ကုလားတဲ ကျေးရွာ ၊ အရှေ့ဘက် (၃)မိုင်ခန့်အကွာတွင် ခက်လန်းကန်ကျေးရွာ ၊ အရှေ့မြောက်ဘက် (၂)မိုင်ခန့်အကွာတွင် တောင်ဖက်တန်းကျေးရွာ ၊ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် တောင်ကုက္ကိုကုန်းကျေးရွာ၊ အနောက်မြောက်ဘက် (၂)မိုင်ခန့်အကွာတွင် တောင်သစ်ထောင့်ကျေးရွာ ၊ အနောက်တောင်ဘက် (၃)မိုင်ခန့်အကွာတွင် ယဉ်ဆန်းကျေးရွာ တို့၏နယ်နိမိတ်အတွင်း၌ တရွာတအုပ်စုတည်းနေထိုင်လျှက်ရှိပါသည်။

သက္ကရာဇ် ၂၁၁၁-ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော် ပုဂံပြည်၏ပထမဆုံးသမုဒ္ဒရာဇ်မင်းကြီးစိုးစံသည့် ပေါက္ကံပြည် (ခေါ်) ပုဂံနေပြည်တော်ပေါ်ထွန်းခဲ့ပါသည်။ ထိုစဉ်ကပင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ အားလုံးခန့်သည် ရွာအဖြစ်ဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီး အခြေပြုနေထိုင်ခဲ့ဟန်ရှိပါသည်။

သက္ကရာဇ် ၃၇၉ - ခုနှစ် ၊ အေဒီ (၁၀၁၇)ခုနှစ်တွင် အနော်ရထာမင်းစော ပေါက္ကံပြည်(ခေါ်)ပုဂံပြည်၌ ထီးနန်းစတင်စိုးစံခဲ့သည်။ အနော်ရထာမင်းကြီး သထုံပြည်သို့ ပိဋကတ် (၃)ဘုံ သွားရောက်ပင့်ဆောင်စဉ် ဤဒေသ အရပ်ရှိ ယခုသစ်ထောင့်ကျေးရွာမှ ဗိုလ်မှူးစံခင် ၊ ကုက္ကိုကုန်းရွာမှ ဗိုလ်ကျော်နိုင် ၊ လက်ပန်ခြေပေါ်ရွာမှ ဗိုလ်အောင်ကြီး၊ အုန်နဲ့ချောင်းရွာမှ ဗိုလ်တင်ဦး ၊ လက်ထုပ်ရွာမှ ဗိုလ်မှူးစိန်ညွှန့် ၊ ပျော့ကန်ရွာမှ ဗိုလ်ထင်လင်း တို့ ဗိုလ်မှူးစစ်ကဲများ အဖြစ် ပါဝင်ထမ်းဆောင်ခဲ့ကြပါသည်။

သက္ကရာဇ် ၄၄၆ - ခုနှစ်၊ အေဒီ ၁၀၈၄ ခုနှစ်တွင် ကျန်စစ်သားမင်းကြီး ပုဂံထီးနန်းကိုစိုးစံခဲ့ပါသည်။ ထိုစဉ်က ဤပျော့ကန်ကျေးရွာအရပ်၌ ဦးပြောဦးစီး၍ ရေကန် (၂)ကန်တူးဖော်ပြီး တဲအိမ်စု(၂၀)ခန့်ဖြင့်ရွာငယ်တစ်ရွာအဖြစ် အခြေပြုနေထိုင်လာခဲ့ပါသည်။

သက္ကရာဇ် ၄၇၄ - ခုနှစ်၊ အေဒီ ၁၁၀၈ ခုနှစ်တွင် ကျန်စစ်သားမင်ကြီးတိုင်းခန်းလှည့်လည်စဉ် ဤအရပ်သို့ ရောက်ရှိလာပြီး ဦးပြော ဦးစီးသည့်ရွာသူရွာသားများ၏ ရှေ့ရေးအတွက် ရွာတောင်ဘက်ရှိရေကန် (၂)ကန်အား ပြန်လည်ချဲ့ထွင်၍ မွမ်းမံပေးခဲ့ပါသည်။ ရေကန် (၂)ကန်၏အနောက်တောင်ဘက်တွင် သာသနာရေးထွန်းကားစေခြင်း အလို့ငှာ ဉာဏ်တော်အမြင့် (၂၅)ပေခန့်ရှိ ဂူဘုရားတစ်ဆူအား တည်ထားကိုးကွယ်ခဲ့ပါသည်။ ဤဂူဘုရားအား ကျန်စစ်သားမင်းကြီးမှ "လောကမှန်ကူ"ဘုရားဟုဘွဲ့တော်အမည်ပေးအပ်ခဲ့ပါသည်။ (လောကတွင် ဗုဒ္ဓမိန့်ခဲ့သည့် ဖြစ်မှုစိုရ်တရားအတိုင်းမှန်အောင်ပြုကျင့်နေထိုင်သူသာကူညီမည်ဟူသောအဓိပ္ပါယ်ရပါသည်။

ကျန်စစ်သားမင်းကြီးနှင့်တကွ နောက်ပါမင်းမှုထမ်းအခြွေအရံတို့သည် ခေတ္တနန်းထိုးပြီး ကျေးရွာရေရရှိရေး အတွက် ရေကန် (၂)ကန်အား ပြန်လည်ချဲ့ထွင်ပြုပြင်စဉ် အထူးပျော်ရွှင်မှုများဖြစ်ပေါ်ခံစားခဲ့ရသဖြင့် ရက်အတန်ကြာ နေထိုင်စိုးစံခဲ့ကြပါသည်။ ကန်တူးဖော်စဉ် ပင်ပန်းကြသော်လည်း ပျော်ရွှင်မှုများခံစားရခြင်းကြောင့် ရေကန်များကို "ပျော်ကန်"ဟု အမည်ပေးအပ်ခဲ့သလို ကျေးရွာအမည်ကိုလည်း "ပျော်ကန်"ကျေးရွာဟု ကျန်စစ်သားမင်းကြီးမှ အမည်ပေးအပ်ခဲ့ပါသည်။ ကာလရှည်ကြာလာသောအခါ ဒေသခံအားလုံးတို့၏ "ပျော်ကန်"ရွာအမည်နာမမှ "ပျော့ကန်"ရွာဟု ပြောင်းလဲခေါ်ဆိုလာခြင်းကြောင့် "ပျော့ကန်"ရွာဟုအမည်တွင်လာခဲ့ခြင်းဖြစ်ပါသည်။

၁၈၈၅ -ခုနှစ်တွင် တတိယအင်္ဂလိပ်-မြန်မာကျူးကျော်စစ်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာတို့၏ ထီးနန်းရှင် သီပေါမင်းမြတ် နယ်ချဲ့အင်္ဂလိပ်တို့လက်ဝယ်ပါတော်မူချိန်မှစ၍ မြန်မာတစ်ပြည်လုံးကိုလိုနီကျွန်ဘဝသို့ ကျရောက်ခဲ့ပါသည်။

ကိုလိုနီလက်အောက်တွင် အင်္ဂလိပ်တို့သည် ညောင်ဦးမြို့နယ်လက်အောက်၌ စဉ့်ကူတိုက်နယ် ၊ တောင်ဇင်းတိုက်နယ် ၊ ငါ့သားရောက်တိုက်နယ် ၊ လက်ပန်ခြေပေါ်တိုက်နယ်များ သတ်မှတ်၍ တိုက်အုပ်မင်းများ ခန့်ထားအုပ်ချုပ်ခဲ့ပါသည်။ ပျော့ကန်ရွာသည် လက်ပန်ခြေပေါ်တိုက်နယ်၏ လက်အောက်ခံကျေးရွာတစ်ရွာဖြစ်ပါသည်။

ကိုလိုနီခေတ်တွင် ဦးခိုင် ၊ ဦးမိုး ၊ ဦးအောင်ဘုန် ၊ ဦးဘိုကြီး တို့သည် ကျေးရွာ၏ရွာသူကြီးတာဝန်များ အစဉ်အဆက်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြပါသည်။ ရွာဦးကျောင်းဆရာတော် "ဦးဗဒုမ"သည် လက်ပံခြေပေါ် တိုက်နယ် တိုက်အုပ်မင်း ကိုးကွယ်သည့် ထင်ရှားသောဆရာတော်တစ်ပါးဖြစ်ခဲ့ပါသည်။ ထိုခေတ်က ပျော့ကန်ရွာသား ဆရာတော် ဦးနန္ဒိယသည် ညောင်ဦးမြို့ သုံးထပ်ငှက်ပစ်တောင်တိုက်ကျောင်းတွင် သီတင်းသုံးပြီး ပရိယတ္တိသာသနာ ပြန့်ပွားခဲ့ပါသည်။ ထိုအချိန်မှစပြီး ငှက်ပစ်တောင်ကျောင်းတိုက်မှ ညောင်ဦးမြို့နယ်သာသနာပြန့်ပွားခဲ့ခြင်းကြောင့် "သာသနာအစငှက်ပစ်က"ဟုသော ဆောင်ပုဒ်ပင်ကျန်ရှိခဲ့ပါသည်။

၁၉၄၂ - ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံမှစစ်ပညာသင်ယူပြီး ဘီအိုင်အေ(ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းကာ မိတ်ဖက်ဂျပန်တပ်မတော်နှင့် ပူးပေါင်း၍ နယ်ချဲ့ အင်္ဂလိပ်ကိုစတင်တော်လှန်ခဲ့ပါသည်။ ဖက်စစ်ဂျပန်တို့သည် ၁၉၄၃-ခုနှစ် မော်လမြိုင်သိမ်းပြီးပါက လွတ်လပ်ရေး ပေးမည်ဟုကတိရှိခဲ့သော်လည်း အတုအယောင်ရွှေရည်စိမ်လွတ်လပ်ရေးကိုသာပေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း သည် စစ်မှန်သောလွတ်လပ်ရေးအတွက် ၁၉၄၅-ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်လာချိန်တွင် မဟာမိတ်တပ်တို့နှင့် ပူးပေါင်းကာ မတ်လ (၂၇)ရက်နေ့မှစတင်၍ ဖက်ဆစ်ဂျပန်တို့ကိုဆက်လက်တိုက်ထုတ်ခဲ့ပါသည်။

၁၉၄၅ - ခုနှစ် မတ်လ ၊ ၁၃၀၆ - ခုနှစ်တစ်ပေါင်းလပြည့် (၁၅)ရက်နေ့တွင် မဟာမိတ်တပ်ဖွဲ့မှ သံချပ်ကာ တိုက်ခိုက်ရေးယာဉ်တစ်စီးသည် ပျော့ကန်ရွာရှိ ဂျပန်တပ်ဖွဲ့အား တိုက်ခိုက်ရန်ပျော့ကန်ရွာ၏အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ နွားကျောင်းသားမောင်ကံနှင့် တွေ့ဆုံမိပြီး ဂျပန်စစ်သည်အင်အား မေးမြန်းစဉ် လက်ကိုးချောင်း ထောင်ပြရာ ဂျပန်စစ်သည်အင်အား ကိုးယောက်ခန့်ကို ဂျပန်အင်အားကိုးဆယ်ခန့်တပ်စွဲထားသည်ယူဆသဖြင့် ၎င်းတို့၏ လေကြောင်းတပ်ကို တင်ပြခြင်းကြောင့် တိုက်လေယာဉ်များဖြင့် ပျော့ကန်ရွာအပေါ် ဗုံးကျဲချခဲ့ပါသည်။ ထိုနေ့၌ပင် ပျော့ကန်တစ်ရွာလုံးစစ်မီးလျှံထဲဝယ်အိမ်များပျောက်ကွယ်သွားခဲ့ပါသည်။ လူကြီးလူငယ် (၉၄)ဦးခန့် ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ပါသည်။ခိုအောင်းဗုံးကျင်းများကြိုတင်တူးဖော်ထားခြင်းကြောင့် ရွာသူရွာသား (၅၀၀)ခန့် အနက် (၉၄)ဦးခန့်သေကျေခဲ့ပြီး (၄၀၆)ဦးခန့်အသက်ဘေးမှ လွတ်မြောက်ခဲ့ပါသည်။

ရွာသူရွာသားများသည် ရွာနီးချုပ်စပြည်သူတို့၏ထောက်ပံ့မှုဖြင့် ဆွေမျိုးစုလိုက် ရေကန်ပတ်လည်တွင် အိမ်စုများဆောက်လုပ်နေခဲ့ကြပါသည်။ တစ်နှစ်ခန့်ကြာသောအခါ ၁၃၀၇-ခုနှစ်၊ တပေါင်းလတွင် ရွာဦးကျောင်း ဆရာတော် ဦးယက ဦးစီး၍ ရွာအသစ်တည်ရန် ရပ်ရွာအကြီးအကဲများနှင့်ဝိုင်းဝန်း၍ လူနေအိမ်ဝိုင်းကွက်များအား တစ်ဝိုင်းလျှင် (၅၄)တောင် ၊ (၈၁)ပေ ပတ်လည်အကျယ်ဖြင့် အိမ်ဝိုင်းကွက်ပေါင်း (၁၄၄)ကွက်အား ကိုးနဝင်းကျေ ရတနာပုံမြို့သစ် မန္တလေးမြို့တည်သည့် စံနမူနာကိုယူ၍ ကျေးရွာအားအသစ်တည်ပေးခဲ့ပါသည်။ ရွာလယ်အရှေ့ အနောက်လမ်းမကြီးနှင့် တောင်-မြောက်လမ်းမကြီး (၂)ခုအား (၁၅)တောင်အကျယ်ထားရှိပြီး ကျန်လမ်းသွယ်များကို (၁၀)တောင် ၊ (၁၅)ပေအကျယ်သတ်မှတ်ထားရှိခဲ့ပါသည်။

အိမ်ဝိုင်းကွက်ပေါင်း (၁၄၄)ဝိုင်းအနက် အရှေ့-အနောက်ရွာလယ်လမ်းမကြီး၏မြောက်ဘက်တွင်တစ်ဝိုင်း၊ တောင်-မြောက်အလယ်လမ်းမကြီး၏ အရှေ့ဘက်တစ်ဝိုင်း၊ ထိုနှစ်ဝိုင်းအား ရွာဘုံပိုင်ဝိုင်းအဖြစ်ချန်လပ်ထားရှိပြီး ကျန် (၁၄၂)ဝိုင်းအား မိမိကြိုက်နှစ်သက်ရာယူစနစ်ဖြင့် ခွဲဝေတည်ထောင်ပေးခဲ့ပါသည်။

ပျော့ကန်ကျေးရွာတွင်ယခုလက်ရှိ အိမ်ထောင်စုဦးရေ (၂၄၇)ဦး နေထိုင်သည့်လူဦးရေ (၁၂၂၈)ဦးရှိပြီး စိုက်ပျိုးမြေ (၃၀၀၀)ဧကကျော်တွင် မြေပဲ ၊နှမ်း ၊ ဆီထွက်သီးနှံကို အဓိကထားစိုက်ပျိုးလုပ်ကိုင်သည့် မြစ်ရေတင် မရရှိသောမိုးမျှော်တောင်သူလုပ်ငန်းဖြင့် ရပ်တည်နေထိုင်လျှက်ရှိပါသည်။ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် မြို့နယ်သမဝါယမအသင်းသို့ဆီထွက်သီးနှံမြေပဲ ၊ နှမ်းများအား ကျေးရွာပေါင်း (၈၈)အုပ်စုတွင် အများဆုံး တာဝန်ကျေပေးသွင်းခဲ့သည့် ကျေးရွာတစ်ရွာဖြစ်ခဲ့ပါသည်။ စိုက်ပျိုးရေရရှိရန် ခက်ခဲသည့်အပြင်ကန်ရေကိုသာ မှီခိုသုံးစွဲခဲ့ကြပါသည်။ ကန်ရေကုန်သည့်အခါများတွင် ရွာနှင့် တစ်မိုင်ခွဲခန့်ဝေးကွာသော သစ်ထောင့်ရွာအနောက်ဘက် ချောက်ကြားဆိပ်မှမြစ်ရေကို နွားလှည်းများဖြင့် တိုက်ယူသုံးစွဲခဲ့ကြရပါသည်။ ထိုဒုက္ခများမှကင်းဝေးစေရန် ၁၉၈၂-ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂယူနီဆက်မှ အနက် (၅၂၀)ပေရှိအဝီစိတွင်း (၁)တွင်းတူးဖော်လှူဒါန်းပေးချိန်မှစ၍ အဝီစိရေကို အဓိကထားသုံးစွဲလျှက်ရှိပါသည်။

အချုပ်အားဖြင့် ပျော့ကန်ကျေးရွာသည် ပုဂံခေတ်အနော်ရထာမင်းလက်ထက်တော်ကတည်းက တည်ရှိနေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထိုကျေးရွာသို့ ကျန်စစ်မင်းကြီးမှ စေတီတစ်ဆူတည်ခဲ့ရင်း ရေရှားပါးသည့် ဒေသဖြစ်ခြင်းကြောင့် ရေကန် (၂)ကန်တူးဖော်ခဲ့ရာ ထိုရေကန်ကိုအစွဲပြုပြီး ကျေးရွာအမည် ပေါ်ထွက်ခေါ်ဝေါ်လာခဲ့ခြင်းဖြစ်သည်။ ပျော်ကန်ကျေးရွာနေ ရွာသူ/ရွာသားတို့သည် သောက်သုံးရေကိုပင် ရှားပါးသောအရပ်၌ မိုးမျှော်ဆီထွက်သီးနှံစိုက်ပျိုးလုပ်ကိုင်ရင်း နှစ်ပေါင်း (၈၀၀)ကျော်နေထိုင်ပြီးချိန်တွင် ဗုံးခဲ့တိုက်ခိုက် ဖျက်ဆီးခြင်းခံခဲ့ရသည့်လူနေအိမ်များနှင့် ရွာတွင်းရှိတည်ထားကိုးကွယ်ခဲ့ကြသော ဘုရားပုထိုးစေတီများ ပျက်သုန်း ပျောက်ကွယ်ခဲ့ရသည်။ ရွာသူရွာသားများလည်းသေဆုံးခဲ့ရပါသည်။ ထိုအချိန်မှစ၍ ကျေးရွာ့ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ၊ သမိုင်းအဆက်ဆက်၊ ခေတ်အဖုံဖုံ ဦးဆောင်ဦးရွက်ပြုလုပ်ထမ်းဆောင်ပေးခဲ့ကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ကြီးများ၏ ကြိုးစားအားထုတ်မှုများသည် ယခုပျော့ကန်ကျေးရွာပင် ဖြစ်ပေတော့သည်က မှန်ပေသတည်း . . .။

---

လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် စောင့်ကြပ်ခြင်း လုပ်ငန်းစဉ်

(PSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေး၊ သယံဇာတပြမြေပုံ (social map/ Resource map) | ၃၃.၁၂ ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၃၀ | ၃၅ | ၆၅ | ကျေးရွာနယ်နိမိတ် အတွင်းရှိ အိမ်ခြေ၊ ယာမြေ စိုက်ခင်း၊ ဘုရား ပုထိုးများ စသောကျေးရွာ၏ လက်ရှိအခြေ အနေနှင့် ပိုင်ဆိုင်မှုပြ အခြေအနေ များကိုရေးဆွဲ ဖော်ထုတ် ပါသည်။ |
| ၂။ | ရာသီဥတုပြ ပြက္ခဒိန် (Seasonal Calender) | ၃၁.၁၂ ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၅ | ၂၀ | ၄၅ | ရာသီဥတု စိုက်ပျိုးသီးနှံ များ လယ်ယာလုပ်ငန်း များ၊ မွေးမြူရေး လုပ်ငန်းများ၊ ဝင်ငွေ မှုလုပ်ငန်း နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား (Metric Ranking) | ၁.၁. ၂၀၁၇ | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၈၅ | ၉၅ | ၁၈၀ | ကျေးရွာသူ ကျေးရွာသား များ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်း လုပ်ငန်းခွင်များကို ဦးစားပေး တိုင်ပင်ရေးဆွဲ၍ ကြာသ |


# လူထုပေါင်းစုံပါဝင်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

## (PSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁.၁. ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၂၀ | ၂၅ | ၄၅ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာ ရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၂။ | လူမှုစီးပွား အဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၁.၁. ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ | ၃၀ | ၂၅ | ၅၅ | ကျေးရွာအတွင်း ရှိ လူများ အကြား ငွေကြေး ပစ္စည်း ဥစ္စာ၊ နေအိမ်အားပိုင်ဆိုင်မှု အဆင့်ကွဲပြားခြင်းဖြင့် ကျေးရွာ အတွက် လိုအပ်မည့် ဝင်ငွေ ရရှိ စေမည့် အစီအစဉ် များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစား ခဲ့ကြသည်။ |
| ၃။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁.၁. ၂၀၁၇ | ကျေးရွာသူ၊ ကျေးရွာသား များ၊ အမျိုးသား အုပ်စု၊ အမျိုးသမီး အုပ်စု | ၂၀ | ၃၀ | ၅၀ | အမျိုးသား နှင့် အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ အသုံးပြုမှု စသည့်အပေါ် အခြေအနေ အရပ်ရပ် ကိုဆွေးနွေး ခဲ့ကြသည်။ |

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

ကျေးရွာ - ပေါက့်ကန်      အုပ်စု - ပေါက့်ကန်      ရက်စွဲ ၁၀.၁.၁၇



ပဲ့ကျူဒိမ် သုံးသပ်ချက်

အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် ၊ ဆုံးဖြတ်ချက်ချနိုင်ခွင့် ပါဝင်ခွင့်

အားနည်းသည်။ ဥပမာ - အမျိုးသားများ၏ လွှမ်းမိုးထားမှု။

အမျိုးသမီးများသည် ဝင်ငွေရရှိသောအလုပ်တွင် နည်းပါးပြီး

အိမ်မှုကိစ္စများဖြစ်သော အချိန်ကုန်ရကောင်းခြင်း၊ ပညာရေး နည်းပါးခြင်း

ကြောင့် ဆိုရိုးမရှိခြင်း ဖြစ်ရတတ်သည်။

ကျေးရွာများတွင် အမျိုးသမီးများ အသိပညာဆွေးနွေးမှုများ

လုပ်ပိုင်ခွင့် နှင့် လုပ်အားခများ တန်ဖိုးလျော့ခြင်း ဖြစ်နိုင့်ဖွံ့ဖြိုးရေး

လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်

မြှင့်တင်နိုင်မည်ဖြစ်သည်။ "

“ လူမှုရေးအရိုးစာဖြစ်ပြမြေပုံ ”

ဆွေးနွေး ယုံ ဝဝတ်ချက်

လယ်ယာမြေ၊ သစ်တောများ၊ တောတောင်များကို မီးရှို့ပြီး

အသက်မွေးဝမ်းကြောင်းပြုကြသည်။

သောက်သုံးရေမှုလုံပြီး၊ စိုက်ပျိုးမြေနည်းပါးသည်။

ကျေးရွာသစ်စတက်ကူသောရေ ဂူကွင်း အဆင်ပြေသူများရေ တိုင်ကြပြီး

မပြေလည်သောသူများမှာ ကားပိုင်းများ ကွင်းရေ တိုင်ကြသည်။

တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည်။

ထိုကောက်ရန် လိုအပ်ချက်များမှာ -


လျှပ်စစ်မီး။

စိုက်ပျိုးရေးနည်းပညာ။

မူလတန်းမှ အလယ်တန်းအဆင့်။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဗန်းကားချပ်

**ကျေးရွာ -** ပေါက့်ကန် **အုပ်စု -** ပေါက့်ကန် **ရက်စွဲ၊** ၁၀.၁.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ


ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာများတွင် ရာအိမ်မှူးများက ဦးဆောင်လုပ်ကိုင်ကြသည်။

ကျေးရွာတွင် လည်း အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ကြသည်
ကိုလည်းတွေ့ရသည်။ ထိုအဖွဲ့အစည်းများမှာ -
ကုသိုလ်အဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ ရပ်မိရပ်ဖ၊ မိခင်နှင့်ကလေးစောင့်
ရှောက်ရေး၊ ကျောင်းကော်မတီ၊ ရေကော်မတီ၊ ကျန်းမာရေးအဖွဲ့၊
ဆယ်အိမ်မှူးအဖွဲ့၊ မြစိမ်းရောင်၊ Pact myanmar၊ မီးကော်မတီ
စသည့်ဖြင့် အဖွဲ့အစည်းများရှိသည်။ ထိုအဖွဲ့အစည်းများသည် ရာအိမ်မှူး
များနှင့် ချိတ်ဆက်အလုပ် လုပ်ကြသည်။ အခက်အခဲများ ပေါ်ပေါက်
လာပါက လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်
ရွက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ - ဗျော့ကန်

ကျေးရွာအုပ်စု - ဗျော့ကန်



# ဥစ္စာ ဓနပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ပေါက်ကန်    အုပ်စု အမည် = ပေါက်ကန်    ရက်စွဲ ။ ၁ - ၁ - ၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | တိုက်အိမ် ၊ ယာမြေဧက (၁၅) ၊ နွား (၂) ရှဉ်း ၊ ဆိုင်ကယ် ၊ ဖုန်း ၊ သား ၊ သမီး ဘွဲ့ရ ၊ နွားစာစဉ်းစက် | ၂၀ | ၇ % |
| ၂ | ပြေလည်သောအုပ်စု | ထရံအိမ် ၊ သွပ်မိုး ၊ ယာမြေဧက (၇) ဧက ၊ နွား (၁) ရှဉ်း ၊ ဆိုင်ကယ်ကယ် ၊ သား / သမီး ဘွဲ့ရ ၊ ဖုန်း | ၁၁၀ | ၃၈ % |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | ထရံအိမ် ၊ သွပ်မိုး ၊ ယာမြေဧက (၄၅ ဧက) ၊ နွား ၊ ဆိုင်ကယ် ၊ ဖုန်း | ၈၅ | ၂၉ % |
| ၄ | မပြေလည်သော အုပ်စု | ထရံအိမ် ၊ ထန်းရွက်မိုး ၊ ဈေးရေး ၊ လက်လုပ်လက်စား | ၆၅ | ၂၂ % |
| ၅ | နွမ်းပါးသော အုပ်စု | လက်လုပ်လက်စား | ၈ | ၃ % |

"ငွာရန် ကြွယ်ဝရှုရသော"

ဆွေးနွေးဖြေဆိုသူ သံချက်

ကျေးရွာတွင် နွမ်းပါးသော အုပ်စုမှာ ရွာအိမ်ထောင်စု၏ ၃၀ % သည်

ဆင်းရဲနွမ်းပါးသည်။

ဆင်းရဲနွမ်းပါးသည့် အကြောင်းမှာ နေ့စား၊ ကျူးကျော်၍ လုပ်ရာများ များသော

ကြောင့်ဖြစ်သည်။ မှီခိုဝင်ငွေမရှိသောကြောင့် လည်းဖြစ်သည်။

ထို့ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုရှိ ဆောင်ရန် စီမံကိန်းများ

အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များ ရန် လိုအပ်ပါသည်။

ကျား/မ ပိုင်ဆိုင်မှုပြ ဇယား

ကျေးရွာ - ဖော့ကန်

အုပ်စု - ဖော့ကန်

| ကျား ပိုင်ဆိုင်မှု | မ ပိုင်ဆိုင်မှု | ကျား/မ ပိုင်ဆိုင်မှု |
| --- | --- | --- |
| လယ်ထွန်စက် | အပ်ချုပ်စက် | ယာမြေ |
| ဆီဆုံ | ရွှေထည် | TV |
| ဆိုင်း နွား | ကျောက်ကပြင် | အိမ် |
| မီး စက် | သနပ်ခါး တုံး | ထရို |
| ထရို | | |

"ပိုင်ဆိုင်မှု အခွင့်အရေး"

ဆွေးနွေးသူ၊ သယ်ချစ်

အမျိုးသား၊ အမျိုးသမီး ပိုင်ဆိုင်မှုမြေ ရယူမှုကို ဆွေးနွေးခြင်း ဖြစ်ပါ

အမျိုးသားများ ပိုင်ဆိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ ထိန်းချုပ်မှုများ ရှိသကဲ့သို့

အမျိုးသမီးများတွင်လည်း ပိုင်ဆိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ ထိန်းချုပ်နိုင်မှု


များ ရှိသကဲ့သို့ ရပ်ရွာတွင် အစည်းအဝေးများ၌ အကောင်အထည်

ဖော်ဆောင်နိုင်မှုများတွင် အမျိုးသားများနှင့် တန်းတူ အခွင့်အရေး

များ ရှိကြောင်း ဆွေးနွေးတင်ပြသွားပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ပေပုဂ့ကန်　　အုပ်စု အမည် = ပေပုဂ့ကန်　　ရက်စွဲ ။ ၁ ・ ၁ ・ ၂၀၁၇



ရာသီဥတုမြေ ဖြစ်စဉ်

ဆွေးနွေးသုံးသပ်ချက်

လယ်ယာ၊ ထန်းတက်၊ အဓိကလုပ်ငန်း

အခြားဝင်ငွေရရှိမှု တံငါလုပ်ငန်း

လယ်ယာလုပ်ငန်းမှ စ၍ အခြားလုပ်ငန်းများ ပြောင်းလဲလာကြမှုရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် လယ်ယာလုပ်ငန်းများ အဆင်မပြေခြင်း။

လုပ်အားခ တန်းတူမရှိခြင်း။ အားလပ်ချိန်များ ရှိခြင်း။

စသည့် အချက်များကို သိရှိရသည်။

ထို့ကြောင့် လုပ်အားခ တန်းတူရရှိပါ၊ အမျိုးသားများမှ

တာဝန်ခွဲယူမှုနှင့် ကျား၊ မ ရေးရာ သိမြင်လာစေရန် ဆွေးနွေး

တင်ပြခဲ့ပါသည်။ ။

ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီ

ကျေးရွာအမည် - ပျော့ကန်

အုပ်စုအမည် - ပျော့ကန်

**ဥက္ကဋ္ဌ**

(၁) ဦးဥက္ကာကျော် (09-798089531)

(၂) ဒေါ်ကျူကျူဖြူဝေ (09-799955692)

**လယ်ယာရေး ဆပ်ကော်မတီ**

(၁) ဦးရန်နိုင်အောင် (09-791229074)

(၂) ဦးညီညီ ကော်ဇော် (09-796963398)

(၃) ဒေါ်မွေ့မွေ့ဦး (09-790483510)

**စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ**

(၁) ဦးကျင်အောင် (09-259030079)

(၂) ဦးသန့်စိန်

(၃) ဒေါ်မြင့်ကြည်

**လူထုငွေ လုပ်ငန်းဆောင်ရွက်ရေး ဆပ်ကော်မတီ**

(၁) ဦးကျော်ကျော် (09-786595773)

(၂) ဦးဘိုချစ်အောင် (09-79334029)

(၃) ဒေါ်လဲ့လဲ့ဝေ (09-787704784)

**ကော်မရှင် ဝန်ထမ်း**

(၁) ဦးဇော်ဘုန်း

(၂) ဒေါ်လှအောင်ရှိန်

**ဝေဖန်အကြံပြုကြီးကြပ်ရေးအဖွဲ့**

(၁) ဦးကြီးလှ (09-973592630)

(၂) ဦးအောင်စိုး (09-774792250)

(၃) ဒေါ်ဝင်းနိုင် (09-265150830)

**ငွေစာရင်းကိုင်**

(၁) ဒေါ်ကြော့ကြော့နိုင် (09-256139600)

## ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

## ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ






## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းကာရေးမှတ်၍ ကောင်းစွာရယူရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဘောင်းညွန့်ရွှေ | 09259112759 | ဒေါ်တင်လေးနွယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ပေါင်ဦး | ဟော့ကန် | ဟော့ကန် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 293 | ဘာသာ (၁) ဗုဒ္ဓ | 293 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 14 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 141 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 589 | 659 |
| လူမျိုးစု (၁)------------ | | |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | 232 | 61 |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် မူလွန် | | မှတ်ချက် | | မှတ်ချက် စေတီ | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

## (ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း (circled)　　လူသွားလမ်း　　အခြား ______________

## (င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　　　ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည် (✓)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်---၂၀၁၄---/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

## (စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်---------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

## (ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　☐ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ---------------------------------

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

(၃) GAD မှတ်တမ်းတင်ထား။ မရှိပါသည်။

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးအောင်ညွန့်ဆွေ |
| | လက်မှတ် | [signature] နေ့စွဲ |
| လူထုစည်းရုံးရေးမှူး | အမည် | ဒေါ်တင်လေးနွယ် |
| | လက်မှတ် | [signature] နေ့စွဲ 31 . 12 . 2016 |

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်တင်လေးနွယ် | | | |
| နေ့စွဲ ၁ . ၁ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် သောင်ဦး | ကျေးရွာအုပ်စု ပေါက်ကန် | ကျေးရွာ ပေါက်ကန် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၁.၁၂.၁၆ | ၃၁.၁၂.၁၆ | ၈၉ | ၉၉ | ၁၈၈ | ၁၈၈ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၁.၁၇ | ၁.၁.၁၇ | ၆၅ | ၇၂ | ၁၃၇ | ၁၃၇ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁.၁.၁၇ | ၁.၁.၁၇ | ၃၇ | ၇ | ၄၄ | ၄၄ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၄.၃.၁၇ | ၄.၃.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်တင်လေးနွယ် | | | | | | | |
| နေ့စွဲ ၁၀.၁၀.၂၀၁၇ | | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | မန္တလေး | မြို့နယ် | ညောင်ဦး | ကျေးရွာအုပ်စု | ဟော့ကန် | ကျေးရွာ | ဟော့ကန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေပုံမှန် မရလို့ ဘောက်ရ လျှပ်စစ်မီး လင်းရန် ခက်ခဲ | ၁ | ကျန်းမာရေး ကုသရန် ခက်ခဲ |
| ၂ | ရွာတွင်းလမ်းများ သွားလာ ခက်ခဲ | ၂ | လျှပ်စစ်မရှိ၍ သွားလာရေး နှင့် ကျောင်းသား/သူများ စာလေ့လာရန် ခက်ခဲ |
| ၃ | မြို့နှင့် ဝေး၍ ဆေးပေးခန်း မရှိ၍ ဆေးကုသရန် ခက်ခဲ | ၃ | ရွာတွင်းလမ်းများ မကောင်း၍ သွားလာရေး ခက်ခဲ |
| ၄ | ဗဟုသုတ ရှာကြွယ်ဝရန် စာကြည့်တိုက် မရှိသဖြင့် ခက်ခဲ | ၄ | အမျိုးသမီးများ အိမ်တွင်းမှု ပညာ မတတ်မြောက်၍ ဝင်ငွေနည်းပါးသည် ခက်ခဲ |
| ၅ | မြို့နှင့်ဝေး၍ ထုတ်လုပ်သည့် ပစ္စည်းများ ဝယ်ယူရန် ဈေးမရှိသဖြင့် ခက်ခဲ | ၅ | သောက်ရေ သန့် ရရှိရန် ခက်ခဲ |
| | | ၆ | ဗဟုသုတရရှိရန် ဈေးရွာစာကြည့်တိုက် မရှိသဖြင့် ခက်ခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပညာရေး အဆင့်တွင် အထက်တန်းကျောင်း ရှိရန် | ၁ | လျှပ်စစ်မီး လင်းရေး |
| ၂ | လျှပ်စစ်မီး လင်းရန် | ၂ | ဆေးပေးခန်း ရှိရန် |
| ၃ | ချင်းလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်ရန် | ၃ | စာကြည့်တိုက် ရှိရန် |
| ၄ | ခေတ်မီ ဖွံ့ဖြိုးသော ဈေးရွာတစ်ရွာ ဖြစ်ရန် | ၄ | ချင်းလမ်းမှ ကျောက်ချော လမ်းအဆင့်မြှင့်ရန် |
| ၅ | အများသုံး သန့်စင်ခန်း ရှိရန် | ၅ | ရွာတွင်းလမ်း ကောင်းမွန်ရန် |
| | | ၆ | ကျောင်းရှေ့တန်းတက်ဆောင် ဆောက်ရန် |
| | | ၇ | ရေနှင့် ကျောက်တံတား ဆောက်ရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် (၅) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းရေး | ကျား + မ | ၁၀,၀၀၀,၀၀၀ | (၁၂၄၈) ဦး |
| ၂ | ဆေးပေးခန်း | ကျား + မ | ၈,၀၀၀,၀၀၀ | (၁၂၄၈) ဦး |
| ၃ | ရွာချင်းဆက်လမ်းနှင့်ရေမြောင်း | ကျား + မ | ၁၇,၀၀၀,၀၀၀ | (၁၂၄၈) ဦး |
| ၄ | ရေသန့်စက်တပ်ဆင်ခြင်း | ကျား + မ | ၁၅,၀၀၀,၀၀၀ | (၁၂၄၈) ဦး |
| ၅ | ဈေးရွာစာကြည့်တိုက် | ကျား + မ | ၇,၀၀၀,၀၀၀ | (၁၂၄၈) ဦး |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးညာကတ်ထွန်း--- လက်မှတ် ---(signature)--- နေ့စွဲ---၁၀-၁-၂၀၁၇---

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်တင်လေးနွယ်

နေ့စွဲ ၁၁၊၁၊၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု ပေါက်ကန်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ပေါက်ကန် | ကျေးရွာမီးလင်းရေး | 13000' | (၁၂၄၈) ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၀,၀၀၀,၀၀၀ | | | | |
| [illegible] | ကျေးရွာအားလပ်ခန်း | 30'×20' | (၁၂၄၈) ဦး | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၇,၀၀၀,၀၀၀ | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးကျော်ထွန်း လက်မှတ် [signature] ရက်စွဲ ၁ . ၁ . ၂၀၁၇

ရက်စွဲ - ၃၁. ၁၂. ၂၀၁၆

# လူထုဗဟိုပြုစီမံကိန်း

စီမံကိန်းစက်ဝန်းအမည် - စက်ဝန်း (၂)

ကျေးရွာအမည် - ပျော့ကျော်

အုပ်စုအမည် - ပျော့ကျော်

အကြောင်းအရာ ။ ။ လူထုဗဟိုပြုစီမံကိန်း ဒုတိယအကြိမ်ရာသီစက်ဝန်းတွင် ကြိုးနှယ်ဖွဲ့တာဝန်ကျ အင်ဂျင်နီယာများနှင့် လာရောက်၍ ပျော့ကျော်ကျေးရွာအတွက် လူထုဗဟိုပြုစီမံကိန်းမှ ချပေးသော ရန်ပုံငွေများအကြောင်းနှင့် လုပ်ငန်းများအကြောင်း စည်းကမ်းချက်များနှင့် စေတနာဝန်ထမ်းများရွေးချယ်ခြင်း

အစည်းဝေးတက်ရောက်သူများ

| အမည် | တာဝန် | လက်မှတ် |
|---|---|---|
| ၁ ဦးညာဏ်ထွန်း | အီးတောက်ဥက္ကဋ္ဌ | [signature] |
| ၂ ဒေါ်ကျင်ကျင်ဝင်း | " | [signature] |
| ၃ မျိုးဇော်လတ် | ဝယ်ယူရေး | [signature] |
| ၄ အုန်းနိုင်အောင် | " | [signature] |
| ၅ မွေးမွေးညွန့် | " | [signature] |
| ၆ ဦးတင်အောင် | စောင့်ကြည့် / ကြီးကြပ်ရေး | [signature] |
| ၇ " ညွန့်ခိုင် | " | [signature] |
| ၈ ဒေါ်ခင်မကြည် | " | [signature] |
| ၉ ဦးကျော်မွေး | လည်ပတ်ထိန်းသိမ်း | [signature] |
| ၁၀ ဒေါ်လှဲ့လှဲ့ခိုင် | " | [signature] |
| ၁၁ " ကျော့ကောခိုင် | စာရင်းကိုင် | [signature] |
| ၁၂ " ဝင်းခိုင် | ဝေဖန်အကြံပြုတိုင်ကြားရေး | [signature] |
| ၁၃ " ခင်မာမြိုင် | စေတနာဝန်ထမ်း | [signature] |
| ၁၄ ဦးထွန်းယု | " | [signature] |
| ၁၅ " စံထွန်းမောင် | လည်ပတ်ထိန်းသိမ်းရေး | [signature] |
| ၁၆ " ဖိုးချော | ဘဏ္ဍာရေး | [signature] |
| ၁၇ " အောင်ဘို | ဝေဖန်အကြံပြု | [signature] |
| ၁၈ " ကြီးလှ | " | [signature] |
| ၁၉ " ဝင်းဘို | စာရင်းကိုင် | [signature] |

ရက်စွဲ - ၁.၁.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

စီမံကိန်းစက်ဝန်းအမည် - စက်ဝန်း (၂)
ကျေးရွာအမည် - ပျော့ကျွန်
အုပ်စုအမည် - ပျော့ကျွန်

အကြောင်းအရာ - " လူထုဗဟိုပြုစီမံကိန်း ဒုတိယသုံးနှစ်ကာလ စက်ဝန်း တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်း ရွေးချယ်သတ်မှတ်ရန်၊ ကော်မတီများ စီစစ်ရွေးချယ်ရန် အစည်းအဝေး ပြုလုပ်ခြင်း —

အစည်းအဝေးဆုံးဖြတ်ချက်များ

(၁) ဒုတိယသုံးနှစ်ကာလ စက်ဝန်း (၂) မှာ ရရှိသော ရန်ပုံငွေများကို ထပ်မံလိုအပ်နေသော မီးတိုင်များ ဝယ်ယူခြင်းနှင့် မီးကြိုးများ အစားထိုးလဲလှယ်ရန်

(၂) လူထုလုပ်အားသုံးစွဲရန်

(၃) အလုပ်သမား တစ်ဦး၏ တစ်နေ့ လုပ်အားခ သတ်မှတ်ခြင်း ကိစ္စ

(၄) လိုအပ်လျှင် ပညာရှင်များ ခေါ်ယူ အသုံးပြုရန်

(၅) ဝယ်ယူရေး တစ်ဦး ထပ်မံ တိုးမြှင့် ခန့်ထားရန်

(၆) အလုပ်လုပ်ချိန် သတ်မှတ်ခြင်း

(၇) လည်ပတ်ထိန်းသိမ်းရေး အတွက် ရန်ပုံငွေ ကောက်ခံရန်

ကျေးရွာအလိုက် အခက်အခဲမှတ်တမ်း

ရေကျဉ်းကန်

ကျေးရွာအလိုက် ဦးစားပေးနှင့် ဖြေရှင်းရမည့်ပြဿနာများ

| | စဉ် | လုပ်ငန်း | ခန့်မှန်းငွေ | လ/နှစ် | လုပ်ဆောင်မည့်သူ | ဖြစ်ပေါ်မှုအခြေအနေ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | ရွာချုပ်ဆက်သွယ်မှုဲလမ်း ကျောက်ခင်း | ကျပ်+ဝ. | ၁/၂၀၁၇ | ကျေးရွာလူထု | |
| | ၄ | ရေသုံးကန်တူးဆွနိုင်းခြင်း | ကျပ်+ဝ. | ၀၁/၂၀၁၇ | " | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | ဆေးပေးခန်း | ကျပ်+ဝ. | ၀၁/၂၀၁၇ | " | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | ကျေးရွာစာကြည့်တိုက် | ကျပ်+ဝ. | ၀၁/၂၀၁၇ | " | |
| အခြား | ၁ | လျှပ်စစ်မီးလင်းရေး | ကျပ်+ဝ. | ၀၁/၂၀၁၇ | " | |
| | ၂ | | | | | |
| | ၃ | | | | | |